# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

ခုံအဖွဲ့

၂၀၂၂ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၄၄/၂၀၂၂)

Mr. Wang Zhiping ( အလုပ်ရှင်)
Heng Mei Co., Ltd(အထည်ချုပ်စက်ရုံ)
ဒေါ်စိုးစိုး(မန်နေဂျာ)
(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
အမှတ် (၁၇၄/၁၇၅)၊ ဦးရွှေအိုးလမ်းနှင့်မောင်ကျန်သီးလမ်းထောင့်၊
ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

နှင့်

ဒေါ်သီသီဝင်းပါ (၆၆)ဦး (အလုပ်သမား)
ဘုန်းကြီးကျောင်းလမ်း ၊ ရွှေလင်ပန်းရပ်ကွက်၊ လှိုင်သာယာ
(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

} လျှောက်ထားသူ

နှင့်

ဒေါ်သီသီဝင်းပါ (၆၆)ဦး (အလုပ်သမား)
ဘုန်းကြီးကျောင်းလမ်း ၊ ရွှေလင်ပန်းရပ်ကွက်၊ လှိုင်သာယာ
(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

နှင့်

Mr. Wang Zhiping ( အလုပ်ရှင်)
Heng Mei Co., Ltd(အထည်ချုပ်စက်ရုံ)
ဒေါ်စိုးစိုး(မန်နေဂျာ)
(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)
အမှတ် (၁၇၄/၁၇၅)၊ ဦးရွှေအိုးလမ်းနှင့်မောင်ကျန်သီးလမ်းထောင့်၊
ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

} လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ဦးရွှေအိုးလမ်းနှင့် မောင်ကျန်သီးလမ်းထောင့်၊ အမှတ် (၁၇၄/၁၇၅) ရှိ Heng Mei Co.,Ltd (အထည်ချုပ်စက်ရုံ) မှ ဒေါ်သီသီဝင်းပါ အလုပ်သမား (၆၆)ဦးနှင့် Mr. Wang Zhiping (အလုပ်ရှင်) ၊ ဒေါ်စိုးစိုး (မန်နေဂျာ/အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ) တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၆၀/၂၀၂၂) ဖြင့် ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အောက်ပါအတိုင်း ကောက်ချက်ပြု၍ ဆုံးဖြတ်ပေးခဲ့သည်-

**ကောက်ချက်။** တောင်းဆိုသူအလုပ်သမား ဒေါ်သီသီဝင်းပါ (၆၆) ဦးအား အလုပ်ပြန်လည်လုပ်ကိုင်စေရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်။** တောင်းဆိုသူ အလုပ်သမား ဒေါ်သီသီဝင်းပါ (၆၆) ဦးအား ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ (၇) ရက်အတွင်း လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ဦးရွှေအိုးလမ်းနှင့် မောင်ကျန်သီးလမ်းထောင့်၊ အမှတ် (၁၇၄/၁၇၅) ရှိ Heng Mei Co.,Ltd (အထည်ချုပ်စက်ရုံ)တွင် မူလရာထူး၊ မူလလစာ၊ မူလဂရိတ်ကြေးအတိုင်း အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်ရန် ဆုံးဖြတ်သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၆၀/၂၀၂၂) ဆုံးဖြတ်ချက်အပေါ် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်လုံးမှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားခဲ့ရာ အလုပ်သမားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ ရုံးအမိန့်စာအမှတ် (၂၁၃/၂၀၂၂) ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၄၄/၂၀၂၂) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ ဥက္ကဋ္ဌ ဦးဖေအောင်ဝန် (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဦးလှထွန်းခိုင် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် အဖွဲ့ဝင် ဦးသိန်းကြွယ် (အလုပ်သမားကိုယ်စားလှယ်) တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၆၀/၂၀၂၂) ဆုံးဖြတ်ချက်အပေါ် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်စလုံးမှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ လျှောက်ထားလာသည့် ဤအငြင်းပွားမှုအား ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုစစ်ဆေးရာတွင်

၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (က)ကို ကျင့်သုံးလျက် သက်ဆိုင်သူ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူကြားနာစစ်ဆေးခြင်းမပြုဘဲ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့၏ မှတ်တမ်းများ၊ တင်ပြလာသော စာရွက်စာတမ်းများ၊ အထောက်အထားသက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များ၊ လျှောက်ထားသူ အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဖက်စလုံး၏ လျှောက်ထားလွှာတို့အပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်။** အလုပ်သမား ဒေါ်သီသီဝင်းပါ (၆၆) ဦးအား အလုပ်ပြန်လည် လုပ်ကိုင်စေရန် သင့်/မသင့်။

**<u>တွေ့ရှိချက်နှင့် သုံးသပ်ချက်</u>**

၄။ Heng Mei Co.,Ltd (အထည်ချုပ်စက်ရုံ) မှ Mr. Wang Zhiping (အလုပ်ရှင်)၊ ဒေါ်စိုးစိုး (မန်နေဂျာ/အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် အလုပ်သမား ဒေါ်သီသီဝင်းပါ (၆၆) ဦး ကိုယ်စား ဒေါ်သီသီဝင်းတို့က ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှု အမှတ် (၆၀/၂၀၂၂) ဆုံးဖြတ်ချက်အပေါ် အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်စလုံးမှ ကျေနပ်မှု မရှိကြသဖြင့် ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုအယူခံ တင်သွင်းလျှောက်ထားခြင်းဖြစ်သည်။

၅။ လျှောက်ထားသူ အလုပ်ရှင်၏ လျှောက်ထားလွှာတွင် Heng Mei Co.,Ltd (အထည်ချုပ်စက်ရုံ)သည် (၂၁-၃-၂၀၂၂) ရက်နေ့တွင် မီးလောင်မှုဖြစ်ပွားခဲ့ပါကြောင်း၊ မီးထဲတွင်ပါသွားသော အထည်များ အစားထိုးပြန်လည်ချုပ်ပေးရမည်ဖြစ်သဖြင့် တစ်လမ်းတည်းတွင်ရှိသော အမှတ် (၂၁၉) စက်ရုံအား တစ်ဝက်ငှား၍ စက်လိုင်းများအား (၂၀-၄-၂၀၂၂) ရက်နေ့မှစ၍ နေ့စားဝန်ထမ်းများ ခေါ်ပြီး လုပ်ကိုင်ခဲ့ပါကြောင်း၊ ၎င်းစက်ရုံတွင် ဝန်ထမ်းအင်အား (၂၀၀) ဦးခန့်နှင့် လုပ်ကိုင်လျက်ရှိပါကြောင်း၊ (၂-၁၁-၂၀၂၂) ရက်နေ့ နေ့လည် (၁) နာရီခန့်အချိန်တွင် Heng Mei Co.,Ltd (အထည်ချုပ်စက်ရုံ) တာဝန်ရှိသူများက ယခုလက်ရှိအခြေအနေအရ Order များနည်းပါးပြီး Heng Mei စက်ရုံသို့ ပူးပေါင်းလုပ်ကိုင်ကြရန် ပြောခဲ့ပါကြောင်း၊ ၎င်း၏ မူလရာထူး၊ Grade ကြေးများအား မပြောင်းလဲဘဲ လုပ်ရမည်ကိုလည်းပြောခဲ့ပါကြောင်း၊ ဝန်ထမ်းအသစ်များ ထပ်မံမခေါ်သေးဘဲ စက်လိုင်းခွဲမှ ဝန်ထမ်းများအား Heng Mei စက်ရုံ၏ စက်လိုင်းဌာန အသီးသီးတွင် ၃-၁၁-၂၀၂၂ ရက်နေ့မှစ၍ လုပ်ကိုင်ကြရန် ပြောခဲ့ပါကြောင်း၊ အလုပ်နားချင်သည့် ဝန်ထမ်းရှိလျှင်လည်း နားနိုင်ပြီး

Order များကောင်းမွန်သည့်အချိန်တွင် စက်ရုံသစ်ထပ်မံဖွင့်မည်ဖြစ်ပြီး ကြာချိန်မှာ (၂လ သို့မဟုတ် ၃လ) ခန့်ကြာနိုင်သည့် အတွက် စက်ရုံသစ်ပြန်ဖွင့်လျှင် ၎င်းတို့လုပ်ကိုင်ခဲ့ကြသည့် လိုင်းအတိုင်း ပြန်လည်လုပ်ကိုင်ရမည်ကိုလည်း ပြောခဲ့ပါကြောင်း၊ Heng Mei စက်ရုံတွင် ဆက်လက်လုပ်ကိုင်မည်ဆိုလျှင် ၃-၁၁-၂၀၂၂ ရက်နေ့အရောက် လာရောက်လုပ်ကိုင်ကြရန်ကိုလည်း ပြောခဲ့ပါကြောင်း၊ ထိုနေ့တွင် လာရောက်အလုပ်ဆင်းကြသည့် ဝန်ထမ်းများမှာ (၆၅) ဦးရှိသလို စက်ရုံသစ်ဖွင့်မှ အလုပ်ပြန်ဆင်းမည့်သူများမှာ (၈၀) ကျော် ရှိပါကြောင်း၊ ယခုတိုင်ကြားသူ ဒေါ်သီသီဝင်းပါ (၆၆) ဦးသည် စက်ရုံတာဝန်ရှိသူများက ပြောသည်များကို လိုက်နာခြင်းမရှိဘဲ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးရုံးသို့ တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့တောင်းဆိုချက်များတွင် နို့တစ်ကြေးရရှိရန် (သို့မဟုတ်) ၎င်းတို့ (၆၆) ဦးအား သီးခြားတစ်လိုင်းစီစဉ်ပေးရန်တို့ ဖြစ်ပါကြောင်း၊ စက်ရုံဘက်မှ ဖြေရှင်းချက်တိုင်းတွင်လည်း စက်လိုင်းများတွင် အသီးသီးဝင်ရောက်လုပ်ကိုင်ကြရန်ဖြစ်ပါကြောင်း၊ ၎င်းတို့တောင်းဆိုသည့် နို့တစ်ကြေးအား မပေးနိုင်ကြောင်းကိုလည်း ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ စက်လိုင်းသီးသန့်ထားပေးရန်ဆိုသည်မှာလည်း လုံးဝမဖြစ်နိုင်ပါကြောင်း၊ ခုံသမာဓိအဖွဲ့၏ အဆုံးအဖြတ်စာအရ ၎င်းဒေါ်သီသီဝင်းပါ (၆၆) ဦးအား အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်ကြရန် ဆုံးဖြတ်ပေးခဲ့ပါကြောင်း၊ မိမိတို့စက်ရုံအနေဖြင့် ၎င်းဝန်ထမ်းများသည် နေ့စားနှင့်ခေါ်ထားသည့် သူများဖြစ်သည်ကတစ်ကြောင်း၊ ၎င်းတို့၏ လုပ်သက်များမှာ (၃) လမပြည့်သူများနှင့် (၆) လမပြည့် သူများသာရှိသည့်အတွက် စက်ရုံအနေဖြင့် ၎င်းတို့အား လုပ်ငန်းခွင်သို့ ပြန်လည်လုပ်ကိုင်ရန် လုံးဝမဖြစ်နိုင်ပါကြောင်း၊ စက်ရုံ၏ WCCအဖွဲ့ဝင်များနှင့် ညှိနှိုင်းကြရာတွင်လည်း အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်မှာလည်း ထိုသူများအား အလုပ်ပြန်လည်ခန့်ထားရန် လုံးဝမသင့်တော်ကြောင်းကိုလည်း ဆုံးဖြတ်ပေးခဲ့ကြပါကြောင်း၊ စက်ရုံအနေဖြင့် အလုပ်ပေးနေသည့်အချိန်တွင် လာရောက်လုပ်ကိုင်ခြင်းမရှိဘဲ ယခုအခြေအနေတွင် ပြန်လည်ခန့်ထားရန်ဆိုသည်မှာ လုံးဝမဖြစ်နိုင်ပါကြောင်း၊ ၎င်းတို့အား အလုပ်ထုတ်ခြင်းမဟုတ်ဘဲ ၎င်းတို့ကသာ လိုက်မလုပ်နိုင်ခြင်းဖြစ်သည့်အတွက် မည်သည့်ငွေကြေးတစ်စုံတရာမျှလည်း မပေးနိုင်ပါကြောင်း၊ စက်ရုံအနေဖြင့်လည်း ငွေကြေးပေးနိုင်ရန် အခက်အခဲများစွာရှိနေသည်ကိုလည်း တင်ပြအပ်ပါကြောင်း၊ ဒေါ်သီသီဝင်းပါ (၆၆) ဦးတို့သည် ယခုလိုလုပ်သက်နုနယ်သေးသည့်အချိန်မျိုးတွင် စက်ရုံမှ စီစဉ်မှုများအား လိုက်နာခြင်းမရှိဘဲ နောင်တစ်ချိန်တွင် ၎င်းတို့အား ဆက်လက်ခန့်ထားမည်ဆိုလျှင် စက်ရုံအတွင်းရှိ ဝန်ထမ်းများအား ထိန်းချုပ်ရန် အခက်အခဲများစွာရှိနိုင်ပါကြောင်း၊ သို့ဖြစ်ပါသောကြောင့် လုပ်ငန်းခွင်အတွင်း အေးချမ်းသာယာရေး (လက်ရှိလုပ်ကိုင်နေသောဝန်ထမ်းများ အေးချမ်းစွာဆက်လက်လုပ်ကိုင်နိုင်ရေး) အား ရှေးရှု၍ ခုံသမာဓိအဖွဲ့၏ အဆုံးအဖြတ်ကို ပြန်လည်စိစစ်ဆောင်ရွက်၍ ဆုံးဖြတ်ပေးပါရန် ဖော်ပြလျှောက်ထားသည်။

၆။ လျှောက်ထားသူ အလုပ်သမားများဘက်က အဓိကအကြောင်းပြသည်မှာ ကျွန်မ ဒေါ်သီသီဝင်း ပါ (၆၆) ဦးသည် အနည်းဆုံးလုပ်သက် ၃လမှ ၆လကျော်အထိလုပ်ကိုင်ခဲ့

ပါကြောင်း၊ ၂-၁၁-၂၀၂၂ ရက်နေ့တွင် ကျွန်မဒေါ်သီသီဝင်းပါ (၆၆) ဦး၏ အလုပ်လုပ်ကိုင်လျက်ရှိသော Heng Mei Garment (2) အား မည်သည့်အကြောင်းပြချက်မှ အလုပ်ရှင်ဘက်မှပေးခြင်းမရှိဘဲ Heng Mei Garment (2)အား အပြီးသိမ်းခဲ့ပါကြောင်း၊ အလုပ်ရှင်ဘက်မှ Heng Mei Garment(2)တွင် အလုပ်လုပ်ကိုင်လျက်ရှိသော ကျွန်မ ဒေါ်သီသီဝင်းပါ (၆၆) ဦးအား Heng Mei Garment (1) တွင် အလုပ်လိုက်ပါ လုပ်ကိုင်ရန်နှင့် လိုက်ပါ လုပ်ကိုင်လိုခြင်းမရှိပါက မိမိသဘောဆန္ဒအရ အလုပ်နားခိုင်း၍ မည်သည့်ခံစားခွင့်ကိုမှအလုပ်ရှင်ဘက်မှ ခံစားခွင့်မပြုခဲ့ပါကြောင်း၊ ကျွန်မ ဒေါ်သီသီဝင်းပါ (၆၆) ဦးမှ အလုပ်ပြန်လည်ရရှိရန်နှင့် ကျွန်မဒေါ်သီသီဝင်းပါ (၆၆) ဦးမှာ လုပ်သက်များ နည်းပါးနေပါသောကြောင့် အလုပ်ပြန်လည်ရရှိရန်အတွက် တစ်ခုတည်းသာ တောင်းဆိုခဲ့ပါကြောင်း၊ ထိုသို့တောင်းဆိုမှုအပေါ်တွင် ကျွန်မဒေါ်သီသီဝင်းပါ (၆၆) ဦးမှာ လိုင်းတစ်လိုင်းစာ လူအစုံရှိပါသောကြောင့် လိုင်းတစ်လိုင်းဖြင့် Heng Mei Garment (1) တွင် ထားရှိပေးပါရန်နှင့် လိုင်းအုပ်ချုပ်သူ Super /Leader များကို အလုပ်ရှင်ဘက်မှ ကြိုက်နှစ်သက်ရာ ခေါင်းဆောင်များနှင့် စီမံခန့်ခွဲနိုင်၍ ထည့်သွင်းပေးပါရန် တင်ပြသော်လည်း အလုပ်ရှင်ဘက်မှ လိုက်လျောမှုမရှိခဲ့ပါကြောင်း၊ အလုပ်ရှင်ဘက်မှ အလုပ်ပြန်မခန့်နိုင်နှင့် အလုပ်ထုတ်နစ်နာကြေး ခံစားခွင့်ပေးရန် ပြောကြားခဲ့သော်လည်း အလုပ်ရှင်ဘက်မှမပေးနိုင်ပါဟု ပြောကြားမှုအပေါ်တွင် ပြေလည်မှုမရရှိခဲ့ပါသောကြောင့် တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ တက်ရောက်ရာတွင် အလုပ်ရှင်ဘက်မှ အလုပ်ပြန်လည်ခန့်ထားပေးနိုင်ခြင်းမရှိကြောင်းနှင့် အလုပ်ထုတ်နစ်နာကြေးပေးရန်အတွက်လည်းမဖြစ်နိုင်ဟု ပြောကြားကြောင်း၊ အလုပ်ရှင်ဘက်မှ လှိုင်သာယာ (အနောက်ပိုင်း)၊ ရွှေလင်ပန်းစက်မှုဇုန် ၊ ပြင်စည်မင်းသားကြီးလမ်း၊ အမှတ် (၂၁၉) တွင် ဖွင့်လှစ်ထားသော Heng Mei Garment (2) စက်ရုံအား ဖွင့်လှစ်ထားခြင်းမှာ မီးလောင်ထည်များ ပြုပြင်ရန်အတွက် ဖွင့်လှစ်ထားခြင်းဆိုသည်မှာလည်းအမှန်မဟုတ်ပဲ အလုပ်ရှင်ဘက်မှ စီးပွားရေးအောင်မြင်မှုအပေါ် မူတည်ပြီး လုပ်ငန်းတိုးချဲ့ဖွင့်လှစ်ခြင်းပင်သာ ဖြစ်ပါကြောင်း၊ သို့ပါသောကြောင့် သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့မှ အလုပ်ပြန်ခန့်၍ လိုင်းတစ်လိုင်းစီစဉ်ပေးရန် (သို့မဟုတ်) နစ်နာကြေးနှင့် ဥပဒေပါ ရပိုင်ခွင့်များ ရရှိရန်ဟု ဆုံးဖြတ်ချက်ချမှတ်ပေးပါက ကျွန်မ ဒေါ်သီသီဝင်းပါ (၆၆) ဦးမှ အလုပ်ပြန်လည်ဝင်ရောက်သွားပါမည်။ ကျွန်မ ဒေါ်သီသီဝင်းပါ (၆၆) ဦး၏အဆင်မပြေမှုနှင့် အခက်အခဲများကို ပြေလည်အောင်ဖြေရှင်းပေးနိုင်ရန်နှင့် ရေရှည်ရပ်တည်နိုင်ရေးအပေါ် ငဲ့ညှာထောက်ရှု၍ ကြားကာလ (သို့မဟုတ်) အမှုရင်ဆိုင်ဖြေရှင်းနေစဉ်အတွင်း အလုပ်လက်မဲ့ဖြစ်နေမှုအပေါ် သနားငဲ့ညှာသောအနေဖြင့် ကြားကာလနစ်နာကြေး ထည့်သွင်းခံစားခွင့် ပြုပေးရန် တင်ပြတောင်းခံလျှောက်ထားသည်ကို စိစစ်တွေ့ရှိရသည်။

၇။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ သုံးသပ်ဆုံးဖြတ်ချက်တို့ကို ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က ပြည်လည်စိစစ်ပေးလာရာတွင် အလုပ်ရှင်နေဖြင့် စက်ရုံမီးလောင်မှုကြောင့် အဆောက်အဦအသစ်သို့ ရွှေ့ပြောင်းရပြီး အထည် (၄) သိန်းခန့် ပေးလျော်ခဲ့ရသဖြင့် အခက်အခဲရှိသကဲ့သို့ အလုပ်သမားများအနေဖြင့် တစ်လကျော် ရပ်နားခဲ့ရသဖြင့် စားဝတ်နေရေး အခက်အခဲရှိကြောင်း၊

သို့ဖြစ်၍ အလုပ်သမားများ၏ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မထိခိုက်စေရေး၊ အလုပ်သမားများတောင်းဆိုသော နို့တစ်ကြေးတစ်လစာထက် အလုပ်အကိုင်အခွင့်အလမ်းကိုသာ ဦးစားပေးသင့်ကြောင်း၊ တောင်းဆိုသူ အလုပ်သမား (၆၆) ဦးသည် ယခင်က လိုင်း(၁) မှ လိုင်း(၅) ထိ လုပ်ကိုင်ခဲ့သူများဖြစ်ကြောင်း၊ ခုံသမာဓိအဖွဲ့အနေဖြင့် တောင်းဆိုချက်အတိုင်း လိုင်းတစ်လိုင်းတည်းတွင်း လုပ်စေရန်အတွက် ဆုံးဖြတ်ရန် တာဝန်မရှိ၍ မူလရာထူး၊ မူလလစာအတိုင်း ပြန်လည်ခန့်ထားရန် ဆုံးဖြတ်ပေးရန်ဖြစ်သည်။ အလုပ်သမားများတောင်းဆိုသော လိုင်းတစ်လိုင်းတည်း လုပ်ကိုင်လိုမှုကို အလုပ်ရှင်၏ စီမံခန့်ခွဲမှုဖြင့် စက်ရုံရှိ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်အတီ (WCC)နှင့် ညှိနှိုင်းပြီး လိုင်းများတွင် သင့်တော်သလို ဆောင်ရွက်သွားရန် လိုကြောင်း သုံးသပ်ဖော်ပြလျက် အလုပ်သမား ဒေါ်သီသီဝင်းပါ (၆၆) ဦးအား Heng Mei Co.,Ltd (အထည်ချုပ်စက်ရုံ)တွင် မူလရာထူး ၊မူလလစာ၊ မူလ Grade / ဂရိတ်ကြေးအတိုင်း အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်ရန် ဆုံးဖြတ်ချက်ချမှတ်ထားကြောင်း စိစစ်တွေ့ရှိရသည်။

၈။ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ဦးရွှေအိုးလမ်းနှင့် မောင်ကျန်သီးလမ်းထောင့်၊ အမှတ် (၁၇၄/၁၇၅) ရှိ Heng Mei Co.,Ltd (အထည်ချုပ်စက်ရုံ)သည် ၂၀၂၂ ခုနှစ်၊ မတ်လတွင် စက်ရုံမီးလောင်ခဲ့သဖြင့် ရွှေလင်ပန်းစက်မှုဇုန်၊ ပြင်စည်မင်းသားကြီးလမ်း၊ အမှတ် (၂၁၉)ရှိ အဆောက်အဦးအား မီးလောင်အထည်များပြင်ဆင်ရန် ခေတ္တငှားရမ်းခဲ့ပြီး ယခုမီးလောင်သည့် အဆောက်အဦပြင်ဆင်ပြီးဖြစ်၍ ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်မည် ဖြစ်သည့်အတွက် လိုက်ပါလိုသူများအား မူလရာထူး၊ မူလလစာ၊ ဂရိတ်ကြေးအတိုင်း ပေးမည်ဖြစ်ကြောင်း၊ (၂-၁၁-၂၀၂၂) ရက်နေ့တွင် (Super)များကို ခေါ်ယူရှင်းပြခဲ့ရာ လုပ်သား (၆၀) ဦးကျော်မှာ လိုက်ပါလုပ်ဆောင်သော်လည်း တောင်းဆိုသူ အလုပ်သမား ဒေါ်သီသီဝင်းပါ (၆၆) ဦးသည် အဆောက်အဦးအသစ်ရှိ လိုင်း(၂၀) တွင် အခြားလိုင်း စူပါ၊ လီဒါ ၊ အုပ်ချုပ်သူများနှင့် ပူးပေါင်းလုပ်ကိုင်လိုမှုမရှိသဖြင့် လိုက်ပါခြင်းမရှိဘဲ နစ်နာကြေးများ ရရှိလိုကြောင်း လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ထံ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၃) ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုကို ခုံသမာဓိအဖွဲ့က စီရင်ဆုံးဖြတ်ပေးခဲ့ခြင်းဖြစ်သည်။

၉။ ဤအငြင်းပွားမှုတွင် Heng Mei Co.,Ltd (အထည်ချုပ်စက်ရုံ)သည် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ပြင်စည်မင်းသားကြီးလမ်း၊ အမှတ် (၂၁၉)တွင် လုပ်သား (၂၀၅)ဦးဖြင့် လုပ်ကိုင်ခဲ့ရာ စက်ရုံမီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ဦးရွှေအိုးလမ်းနှင့် မောင်ကျန်သီးလမ်းထောင့်၊ အမှတ် (၁၇၄/၁၇၅)သို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း၊ ၂-၁၁-၂၀၂၂ ရက်နေ့တွင် Super များအား ခေါ်ယူရှင်းပြခဲ့ကြောင်း၊ မူလအဆောက်အဦးပြင်ဆင်ပြီးချိန်အထိ (၃) လခန့်အတွင်း အော်ဒါလည်းနည်းပါးနေသဖြင့် စက်ရုံအသစ်သို့ လိုက်ပါလိုသူများအား မူလရာထူး၊ မူလလစာ၊ မူလ ဂရိတ်ကြေးအတိုင်းပေးမည်ဖြစ်ကြောင်း၊ မိမိဒေသပြန်၍ နားလိုသူများနားနိုင်ကြောင်း ရှင်းပြရာ

လုပ်သား (၂၀၅) ဦးအနက်မှ (၈၀) ဦးကျော်မှာ မိမိဒေသပြန်၍ နားနေပြီး (၆၀) ဦးမှာ အဆောက်အဦး အမှတ် (၁၇၄/၁၇၅) သို့ လိုက်ပါပြီး မူလရာထူး၊ မူလလစာ၊ မူလ ဂရိတ်ကြေးအတိုင်း လိုင်း (၂၀) တွင် လုပ်ကိုင်လျက်ရှိကြကြောင်း၊ တောင်းဆိုသူ အလုပ်သမား ဒေါ်သီသီဝင်းပါ (၆၆) ဦးမှာ အဆောက်အဦး အမှတ် (၁၇၄/၁၇၅)တွင် လိုင်းတစ်လိုင်းတည်းသာ လုပ်ကိုင်လိုကြောင်း၊ စက်ရုံသစ်တွင် လိုင်း (၂၀) ရှိရာ ၎င်းလိုင်းအစုံသို့ လုပ်သား (၆၆) ဦးကို ဖြန့်၍ ခွဲထည့်မည်ကို မလိုလားကြောင်း၊အလုပ်ရှင်မှ ၎င်းတို့အား အလုပ်ရပ်စဲမှု၊ ထုတ်ပစ်မှုမရှိကြောင်း၊ လုပ်သား (၆၆) ဦး စလုံး တစ်လိုင်းတည်းပေးရန် မဖြစ်နိုင်ကြောင်း၊ လိုင်း (၂၀) တွင် သင့်တော်သလို လိုအပ်သည့်လိုင်း များတွင် ထည့်သွင်းပေးလိုကြောင်း၊ ယခုကာလအော်ဒါနည်းပါးနေသဖြင့် အလုပ်ပေးရန် အခက်အခဲ ရှိကြောင်း၊ တောင်းဆိုသူများ၏ လုပ်သက်မှာလည်း အများဆုံး (၆) လမှ (၃) လခန့် ရှိသူများ ဖြစ်ကြောင်း၊ နို့တစ်ကြေးပေးရန် အခက်အခဲရှိကြောင်း၊ အမှတ် (၁၇၄/၁၇၅) ရှိ စက်ရုံတွင် လိုင်း (၂၀) ရှိရာ လိုင်း (၂၀) လုံးသို့ မဖြန့်ဘဲ လိုအပ်သည့်လိုင်းများတွင်သာ ညှိနှိုင်းပြီး တာဝန်ချထားပေး လိုကြောင်း စိစစ်တွေ့ရှိရသည်။ အလုပ်ရှင်သည် အလုပ်သမား ဒေါ်သီသီဝင်းပါ(၆၆) ဦးအား အလုပ် ရပ်စဲ/ထုတ်ပယ်ခြင်းမဟုတ်သဖြင့် နစ်နာကြေး၊ နို့တစ်ကြေးများပေးရန် အကြောင်းမပေါ်ပေါက်ပေ။ အလုပ်ရှင်က မူလရာထူး၊ မူလလစာ၊ မူလ ဂရိတ်ကြေးအတိုင်းပေး၍ လိုအပ်သည့်လိုင်းများတွင် ပြန်လည်အလုပ်ဝင်ရောက်ရန် အဆိုပြုကမ်းလှမ်းချက်ကို အသိအမှတ်ပြု၍လည်းကောင်း၊ ယနေ့ ကာလတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ အလုပ်လက်မဲ့ များပြားလာခြင်းတို့ကြောင့်လည်းကောင်း၊ ဒေါ်သီသီဝင်းပါ အလုပ်သမား (၆၆)ဦးတို့အား အလုပ်ပြန် လည်ဝင်ရောက်လုပ်ကိုင်စေသင့်ကြောင်း သုံးသပ်ရရှိသည်။

၁၀။ လက်ရှိကာလ၊ လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်တို့ကြောင့် အလုပ်ရှင်များ အနေဖြင့် ရုံး/အလုပ်ပိတ်ရက် များပြားခြင်း၊ အခွန်အခမျိုးစုံနှင့် အပိုကုန်ကျစရိတ်များပြားခြင်း၊ သယ်ယူပို့ဆောင်မှုစရိတ်ကြီးမြင့်ခြင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာမရှိခြင်း၊ နိုင်ငံခြားငွေကြေး တန်ဖိုးမြင့်တက်ခြင်း၊ ပြည်ပသွင်းကုန်ကြမ်းရရှိမှုခက်ခဲလာခြင်း၊ အော်ဒါ (Order)အမှာများ နည်းပါးကျဆင်းလာခြင်း စသည့်စိန်ခေါ်မှုအကြပ်အတည်းမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့နေရသဖြင့် အချို့သော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ပိတ်သိမ်းရသည့် အခြေအနေသို့ ရောက်ရှိနေပေ သည်။ အလုပ်သမားများဘက်ကလည်း အလုပ်အကိုင်အခွင့်အလမ်းများ လက်လွတ်ဆုံးရှုံးရပြီး အလုပ်လက်မဲ့များပြားလာရသည်။ အထူးအားဖြင့် ယခုအခါ မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းမှုကို အကြောင်းပြု၍ နိုင်ငံတစ်ဝန်းအရပ်ရပ် ကုန်ဈေးနှုန်းကြီးမြင့်မှုသည် လူမှုစီးပွားရေး အခက်အခဲ များနှင့် ကြုံတွေ့နေကြရပေသည်။အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းဖြစ်ပေါ် တိုးတက်မှုသည် ခက်ခဲသည့်အခြေအနေတွင်ရှိနေပြီး အဓိကကျသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန များနှင့် အလုပ်သမားများအား ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နေသည်။ အထည်ချုပ်လုပ်ငန်းများတွင် ဖြစ်ပေါ်နေသည့်အခြေအနေများက ကျပန်းအလုပ်လုပ်ကိုင်နေရခြင်း သို့မဟုတ် နေ့စားအလုပ်လုပ် ကိုင်နေရခြင်းနှင့် လုပ်အားခနည်းပါးခြင်းများကို အလုပ်သမားများဘက်မှ ကျယ်ကျယ်ပြန့်ပြန့်

ခံစားတွေ့ကြုံနေရသည်။ ဤအငြင်းပွားမှုတွင် အလုပ်ရှင်ဘက်က မိမိ၏ စက်ရုံမီးလောင်မှုဖြစ်ပွားခြင်း၊ စက်ရုံ အလုပ်ရုံကို ပိတ်သိမ်းခြင်းမပြုဘဲ ပြောင်းရွှေ့ဖွင့်လှစ်ခြင်း၊ အလုပ်သမားများအား အလုပ်မှရပ်စဲခြင်းမပြုဘဲ ပြောင်းရွှေ့စက်ရုံသို့ ၎င်းတို့၏ မူလရာထူး၊ မူလလစာ၊ မူလဂရိတ် (grade) ကြေးများအတိုင်း ပေးပြီး အလုပ်ဆက်လက်လုပ်ကိုင်စေခြင်းမှာ ဒေါ်သီသီဝင်းပါ အလုပ်သမား (၆၆) ဦးတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးနစ်နာမှုမရှိပေ။ အလုပ်မှ ရပ်စဲ/ထုတ်ပယ်ခြင်း မဟုတ်သဖြင့် လုပ်သက်အလိုက်နစ်နာကြေးနှင့် နို့တစ်ကြေးတို့ကိုလည်း ရရှိခံစားနိုင်ရန် အကြောင်းမရှိပေ။

၁၁။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်သည် နှစ်ဖက်အငြင်းပွားချက်အပေါ် ကြောင်းကျိုးဆီလျော်စွာ ဆင်ခြင်သုံးသပ်လျက် ၎င်းတွင် အခွင့်အာဏာရှိသည့်အတိုင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှန်ကန်တရားမျှတစွာ ဆုံးဖြတ်ထားခြင်းသာ ဖြစ်ကြောင်း တွေ့ရသဖြင့် မှားယွင်းခြင်းမရှိကြောင်း သုံးသပ်ရရှိသည်။ သို့ဖြစ်၍ လျှောက်ထားသူများ (အလုပ်ရှင်နှင့်အလုပ်သမားနှစ်ဖက်စလုံး) တင်သွင်းသည့် လျှောက်ထားလွှာအရ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် လိုအပ်ခြင်းမရှိကြောင်းတွေ့ရသည်။ ဆုံးဖြတ်ချက်အမိန့်တစ်ရပ်သည် အခွင့်အာဏာမရှိဘဲချမှတ်ခဲ့သည်ဟုလည်းကောင်း၊ အခွင့်အာဏာရှိသည်ထက်ကျော်လွန်ဆုံးဖြတ်ခဲ့သည်ဟုလည်းကောင်း၊ ဥပဒေအရ မှားယွင်းချွတ်ချော်ခြင်းဖြစ်သည်ဟုလည်းကောင်း ပေါ်လွင်ခြင်းမရှိလျှင် ယင်းဆုံးဖြတ်ချက်အမိန့်မျိုးကို ပယ်ဖျက်ခွင့်မရှိကြောင်း ဒေါ်ညွန့်ရီ (လျှောက်ထားသူ)နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အတွင်းဝန်ပါ၂ (လျှောက်ထားခံရသူ) အမှု(၁၉၆၇ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး) (တရားရုံးချုပ်) စာ ၆၉၁ (၆၉၆)တွင် ညွှန်ပြထားသည်။ သို့ဖြစ်၍ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) ကို ကျင့်သုံးလျက် အောက်ပါအတိုင်း စီရင်ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ် (၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၁၂-၁၂-၂၀၂၂ )ရက်စွဲပါ အငြင်းပွားမှုအမှတ် ( ၆၀/၂၀၂၂ ) အပေါ် ချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

| | | |
|---|---|---|
| ဦးလှထွန်းခိုင် | ဦးဖေအောင်ဝန် | ဦးသိန်းကြွယ် |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |